Government of **Western Australia**
Department of **Health**
**Public and Aboriginal Health Division**

# ၁၀ နှစ်မြောက် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ် – မိဘများအတွက် အကြောင်းအရာ

## ဦးနှောက်အမြှေးရောင်ရောဂါ ဆိုတာဘာလဲ။

ဦးနှောက်အမြှေးရောင်ရောဂါ (meningococcal disease) သည် ရှားပါးသော ရောဂါတစ်မျိုးဖြစ်သော်လည်း၊ တစ်ခါတစ်ရံတွင် အသက်အန္တရာယ်ဖြစ်စေနိုင်ပါသည်။ သွေး နှင့်/သို့မဟုတ် ကျောရိုးနာ့ဗ်ကြောမ နှင့် ဦးနှောက်ကို စီတန်းထားသော အမြှေးပါးများကို ဘက်တီးရီးယား ကူးစက်ခြင်းကြောင့် ဤရောဂါ ဖြစ်ပွားပါသည်။

ပဋိဇီဝဆေးဝါးများဖြင့် ကုသပျောက်ကင်းနိုင်သော်လည်း၊ ကူးစက်မှုသည် လျင်မြန်စွာ ကြီးထွားလာနိုင်သည့်အတွက် ဦးနှောက်အမြှေးရောင်ရောဂါ လက္ခဏာများ ခံစားရသူတိုင်းသည် ဆေးဝါးကုသမှုကို မဆိုင်းမတွ ရယူသင့်ပါသည်။

ကျန်းမာသောလူ ၁၀ ရာခိုင်နှုန်းခန့်သည် ဦးနှောက်အမြှေးရောင် ဘက်တီးရီးယားကို သူတို့၏ နှာခေါင်း သို့မဟုတ် လည်ချောင်း ဘေးဥပါဒ်မရှိဘဲ သယ်ဆောင်ကြပြီး နေမကောင်းဖြစ်ခြင်းမရှိပါ။

## ဦးနှောက်အမြှေးရောင်ရောဂါ မည်ကဲ့သို့ ကူးစက်ပျံ့နှံ့သနည်း။

ဦးနှောက်အမြှေးရောင် ဘက်တီးရီးယားသည် အသက်ရှူလမ်းကြောင်း အရည်များ (ချောင်းဆိုးခြင်း, နှာချေခြင်း သို့မဟုတ် နမ်းခြင်း) ကြောင့် ကူးစက်ပျံ့နှံ့ပါသည်။ ယင်းဘက်တီးရီးယားတို့သည် သဘာဝပတ်ဝန်းကျင် အတွင်း စက္ကန့်အနည်းငယ်ထက်ပိုပြီး ရှင်သန်နိုင်ခြင်းမရှိပါ။

ဤရောဂါသည် တစ်အိမ်တည်း၌အတူတကွနေထိုင်ကြသောသူများ၊ ရောဂါရှိသူနှင့်လိင်ဆက်ဆံသူများ နှင့် တောက်လျှောက်လေးနာရီ ထက်ပိုသော နေ့ကလေးထိန်းကျောင်းတစ်ခုတည်းကို တက်ကြသောကလေးများ ကဲ့သို့သော နီးကပ်စွာထိတွေ့ဆက်ဆံမှုများ အားဖြင့်သာ ကူးစက်ပျံ့နှံ့နိုင်ပါသည်။

## ၁၀ နှစ်မြောက် ကျောင်းသားများအတွက် WA Health က ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို အဘယ်ကြောင့် လုပ်ဆောင်ပေးရပါသလဲ။

ဦးနှောက်အမြှေးရောင်ရောဂါသည် အသက်အရွယ်အုပ်စုတိုင်းကို ထိခိုက်နိုင်ပါသည်။ သို့သော်လည်း၊ အချို့သော ဦးနှောက်အမြှေးရောင်ရောဂါပိုး သယ်ဆောင်သူ နှင့် ဖျားနာသူ ဦးရေအမြင့်ဆုံးနှုန်းသည် ဆယ်ကျော်သက်များ၌ ဖြစ်ပွားပြီး ဤအသက်အရွယ်အုပ်စုသည် ကလေးငယ်များအပါအဝင် ရောဂါပိုးကူးစက်နိုင်ခြေ ပိုများသောလူများထံသို့ ဘက်တီးရီးယားများ ကူးစက်စေနိုင်ပါသည်။

၁၀ နှစ်မြောက်ကျောင်းသားများအတွက် ကာကွယ်ဆေးထိုးနှံပေးခြင်းသည် အခြားသူများထံ ယင်းဘက်တီးရီးယားကူးစက်ပျံ့နှံ့မှုကို လျှော့နည်းစေမည့် အပြင် ကြီးမားသောလူမှုရပ်ဝန်းအတွင်း ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရာ၌ အကူအညီဖြစ်နိုင်မည်ဟု မျှော်မှန်းထားပါသည်။

## ကျွန်ုပ်ကလေးအား ကာကွယ်ဆေးထိုးထားစေရန် ဘာလုပ်ရမည်နည်း။

မိဘ/အုပ်ထိန်းသူ တစ်ဦးအဖြစ် သင်သည် အောက်ပါ ခွင့်ပြုချက်ကိုပေးရန် လိုအပ်သည်-

VaccinateWA အွန်လိုင်းအားဖြင့်
(vaccinatewa.health.wa.gov.au)*

သို့မဟုတ်

ဝက်ဘ်ဆိုက်-
healthywa.wa.gov.au/schoolimmunisations
မှ ပုံစံကို စာရိုက်ထုတ် ဖြည့်စွက်ပြီး ကျောင်းသို့ ပြန်ပို့ပေးခြင်းအားဖြင့်

* Joondalup မြို့တော်တွင်းရှိ ကျောင်းများနှင့် Christmas ကျွန်းနှင့် Cocos ကျွန်းရှိ ကျောင်းများအတွက် ဤနည်းလမ်းကို မသုံးနိုင်ပါ။

## မည်သည့်ကာကွယ်ဆေးကိုအသုံးပြုမည်နည်း၊ယင်းကထိရောက်မှုဘယ်လောက်ရှိပါသလဲ။

ဦးနှောက်အမြှေးရောင် ACWY ကာကွယ်ဆေးကို အသုံးပြုပါမည်။ ယင်းကာကွယ်ဆေးသည် ဦးနှောက်အမြှေးရောင်ရောဂါ ဘက်တီးရီးယား အုပ်စုလေးစု ဖြစ်ကြသော- A, C, W နှင့် Y ကို ကာကွယ်တားဆီးပေးပါသည်။ ဤကျောင်းအခြေပြု အစီအစဉ်အတွက် Nimenrix® အမှတ်တံဆိပ် ကာကွယ်ဆေးကို အသုံးပြုပါမည်။

ယင်းကာကွယ်ဆေးတို့သည် ဘေးကင်းပြီး ထိရောက်မှုရှိပါသည်။ ဦးနှောက်အမြှေးရောင်ရောဂါ ACWY ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို UK တွင် ၂၀၁၅ မှစပြီး ၁၃-၁၅ နှစ်အရွယ် ဆယ်ကျော်သက်များ၌ အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ပြီး၊ US တွင် ၂၀၀၅ မှစပြီး ၁၁-၁၂ နှစ်အရွယ် ကလေးများ၌ အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ပါသည်။ ယင်းကာကွယ်ဆေးသည် ပုံမှန်အားဖြင့် တစ်ကြိမ်တည်းသာ ထိုးနှံရပါသည်။ ဤရောဂါဖြစ်နိုင်ခြေပိုများသောသူများ နှင့် ဤရောဂါအဖြစ်များသော ဒေသများသို့ သွားရောက်ကြသောသူများကို ထပ်ဆောင်းထိုးနှံခြင်းများ ပြုလုပ်ရန် အကြံပြုထားပါသည်။ လေ့လာဆန်းစစ်မှုများအရ ဦးနှောက်အမြှေးရောင်ရောဂါ ACWY ကာကွယ်ဆေးများ၏ ထိရောက်မှုသည် ဆယ်ကျော်သက်များတွင် ၈၀–၈၅ ရာခိုင်နှုန်းအတွင်း ရှိပါသည်။

## ဤကာကွယ်ဆေးကို မည်သူ ထိုးနှံသင့်ပါသလဲ။

ကာကွယ်ဆေးထိုးနှံပေးမည့်သူကို ပြောပြပါ အကယ်၍-

- **သင်၌ အသက်အန္တရာယ်ဖြစ်စေနိုင်သော ပြင်းထန်သည့်ဓာတ်မတည့်ခြင်း တစ်ခုခု ရှိပါက။**

  ယခင် ဦးနှောက်အမြှေးရောင်ရောဂါ ACWY ကာကွယ်ဆေး ထိုးနှံစဉ် အသက်အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်မတည့်ခြင်းတုံ့ပြန်မှုတစ်ခုခု ရှိခဲ့ပါက၊ သို့မဟုတ် ဤကာကွယ်ဆေး၌ ပြင်းထန်သည့်ဓာတ်မတည့်ခြင်း တစ်ခုခုရှိပါက၊ ဤကာကွယ်ဆေးကို သင်မထိုးနှံသင့်ပါ။ ယင်းကာကွယ်ဆေး၏ ပါဝင်ပစ္စည်းများနှင့်ပတ်သက်ပြီး သင့်ကိုဝန်ဆောင်မှုပေးသူက ပြောပြနိုင်ပါသည်။

- **ကိုယ်ဝန်ရှိပါက သို့မဟုတ် မိခင်နို့တိုက်ကျွေးပါက.**

  ဦးနှောက်အမြှေးရောင်ရောဂါကာကွယ်ဆေးများကို ကိုယ်ဝန်ဆောင်များ သို့မဟုတ် မိခင်နို့တိုက်ကျွေးသူများတွက် များသောအားဖြင့် အကြံပြု ထောက်ခံခြင်းမရှိသော်လည်း၊ ဆေးပညာရှုထောင့်အရ ရှင်းလင်းဖော်ပြ ချက်ပေးပါက
  ထိုးနှံပေးနိုင်ပါသည်။ သင်၌ ကိုယ်ဝန် ရှိနိုင်သည် သို့မဟုတ် မ ိခင်နို့တိုက်ကျွေးနေပါက သင့် GP နှင့် တိုင်ပင်ဆွေးနွေးပါ။

## ဤကာကွယ်ဆေးတွင် မည်သည့် ဘေးထွက်ဆိုးကျိုး များရှိပါသနည်း။

ကာကွယ်ဆေးအပါအဝင်၊ မည်သည့်ဆေးဝါး၌မဆို သာမန်အားဖြင့် ဘေးဖြစ်စေတတ်သော ဓာတ်မတည့်ခြင်းများ ဖြစ်နိုင်ချေရှိပါသည်။ များသောအားဖြင့် ပြင်းထန်မှုမရှိပါ၊ သူတို့ဘာသာ ပျောက်သွားတတ်ပါ၏။ ပြင်းထန်သောဓာတ်မတည့်ခြင်းများ
ဖြစ်နိုင်ချေရှိသော်လည်း၊ ဖြစ်ခဲပါ၏။ ကာကွယ်ဆေးတစ်ခုတွင် ပြင်းထန်သောအနာတရ သို့မဟုတ် သေဆုံးမှု ဖြစ်နိုင်ချေသည် အလွန်နည်းပါ၏။ ဤကာကွယ်ဆေးမှ သင် ဦးနှောက်အမြှေးရောင်ရောဂါ ကူးစက်မှု မရရှိနိုင်ပါ။

သာမန်ဆိုးကျိုးဖြစ်ရပ်များတွင် ဆေးထိုးသည့်နေရာ၌ နာကျင်မှု၊ နီမြန်းခြင်းနှင့် ဖူးရောင်ခြင်း၊ ကိုယ်ပူခြင်း၊ ကသိကအောက်ဖြစ်ခြင်း၊ အိပ်ချင်မူးတူးဖြစ်ခြင်း၊ ပါးစပ်ပျက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အဖုအပိန့်တက်ခြင်း နှင့် မူးဝေအော့အန်ခြင်း တို့ပါဝင်ပါသည်။ သို့သော်၊ ပြင်းထန်သော အထွေထွေဆိုးကျိုး ဖြစ်ရပ်များ ဖြစ်ခဲပါသည်။

ဘေးကင်းရန်နှင့်ထိရောက်မှုရှိရန် ကာကွယ်ဆေးများကို စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေးမှုပြုလုပ်ပါသည်။ ကာကွယ်ဆေး ဘေးကင်းမှုနှင့် ဖြစ်လေ့ဖြစ်ထရှိသော၊ ဖြစ်ခဲသော ဘေးထွက်ဆိုးကျိုးများအတွက်၊ အောက်ပါ ဝက်ဘ်ဆိုက်တွင် ဖတ်ရှုပါ- healthywa.wa.gov/immunisation

## ပြင်းထန်သောဘေးထွက်ဆိုးကျိုးရှိလာပါက – မည်သည့်အရာကိုကြည့်ရှုသင့်သနည်း။

ပြင်းထန်သောဓာတ်မတည့်ခြင်း လက္ခဏာများ၊ အဖျားအရမ်းကြီးခြင်း၊ သို့မဟုတ် ပုံမှန်မဟုတ်သည့် အပြုအမူ ကဲ့သို့သော သင့်ကိုစိုးရိမ်ပူပန်မှုဖြစ်သည့် အရာမှန်သမျှကို ကြည့်ရှုပါ။ ပြင်းထန်သောဓာတ်မတည့်ခြင်း လက္ခဏာများတွင် အင်ပျဉ်များ၊ မျက်နှာနှင့်လည်ချောင်း ရောင်ခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ နှလုံးခုန်မြန်ခြင်း၊ မူးဝေခြင်း၊ နှင့် အားနည်းခြင်းတို့ ပါဝင်နိုင်ပါသည် - ကာကွယ်ဆေးထိုးနှံပြီး မိနစ်အနည်းငယ်မှ နာရီအနည်းငယ်အတွင်း ဖြစ်လေ့ရှိပါသည်။ ပြင်းထန်သောဓာတ်မတည့်ခြင်းတစ်ခုခုအတွက်၊ လူနာတင်ယာဉ် ခေါ်ပါ သို့မဟုတ် သင်နှင့်အနီးဆုံး အရေးပေါ်ဌာနသို့ သွားပါ။

## ကျွန်ုပ်ဘာလုပ်သင့်သနည်း။

ကိုယ်အနည်းငယ်ပူခြင်း သို့မဟုတ် နာကျင်မှုကို ပါရာစီတမောက သက်သာစေနိုင်ပါသည်။ ဆေးထိုးသည့်နေရာ၌ နာကျင်မှုကို အေးမြစိုစွတ်သော အဝတ်စကလည်း သက်သာစေနိုင်ပါသည်။ ပြင်းထန်သည်ဟု သင်ယူဆသော သို့မဟုတ် မျှော်လင့်မထားသော ဓာတ်မတည့်ခြင်းတစ်ခုခု သင်၌ဖြစ်ပေါ်လာပါက ဆေးကုသမှုဆိုင်ရာ အကြံဉာဏ်ရယူပါ သို့မဟုတ် နီးစပ်ရာ အရေးပေါ်ဌာနသို့ သွားပါ။

သို့မဟုတ် ***healthdirect Australia*** ကို 1800 022 222 ဖြင့် ခေါ်ဆိုပါ။

ကာကွယ်ဆေးထိုးနှံပြီးနောက် ဖြစ်ပေါ်လာသော ဓာတ်မတည့်ခြင်းဆိုးကျိုးတစ်ခုခုကို တင်ပြရမည်ဟု WA ၌ရှိသော ကာကွယ်ဆေးထိုးနှံခြင်း ဝန်ဆောင်မှုပေးသူအားလုံးတို့ကို တရားဥပဒေအရ သတ်မှတ်ပြဌာန်းထားပါသည်။ ကာကွယ်ဆေးထိုးနှံပြီးနောက် ဖြစ်ပေါ်လာသည့် ပြန်းထန်ဓာတ်မတည့်ခြင်းတစ်ခုခု နှင့်ပတ်သက်သော စိုးရိမ်ပူပန်မှုများကို မိဘများ တင်ပြနိုင်ပါသည်။ ပိုမိုသိရှိရန် healthywa.wa.gov.au/WAVSS
တွင့်ကြည့်ပါ သို့မဟုတ် 6456 0208 ကိုခေါ်ဆိုပါ။

## ဆက်သွယ်ရမည့်သူများ

**သင့် နယ်မြေခံ ဆရာဝန်၊ ဆေးဝါးဗေဒပညာရှင်၊ လူထုကျန်းမာရေး ဌာန၊ ဆေးရုံ သို့မဟုတ် အများပြည်သူကျန်းမာရေး ဆေးပေးခန်း**
healthywa.wa.gov.au/publichealthunits

**healthdirect Australia**
ဖုန်း- ၁၈၀၀ ၀၂၂ ၂၂၂

## အပို အချက်အလက်များ

**ကျန်းမာရေး ဌာန**
healthywa.wa.gov.au/immunisation

**ပြည်ထောင်စု ကျန်းမာရေး ဌာန**
၁၈၀၀ ၆၇၁ ၈၁၁ သို့မဟုတ်
health.gov.au/health-topics/immunisation

သမားရိုးကျမဟုတ်သောပုံစံများဖြင့် ဤစာရွက်စာတမ်းကိုရရှိရန် တောင်းဆိုပါက မသန်စွမ်းသောလူတစ်ဦးအတွက် လုပ်ဆောင်ပေးနိုင်ပါသည်။

ကူးစက်ပျံ့နှံ့တတ်သောရောဂါ ထိန်းချုပ်ရေး ဦးစီးဌာနက ထုတ်ဝေသည်
© ကျန်းမာရေးဌာန 2024

တစ်နည်းအားဖြင့်ဖော်ပြထားခြင်းမရှိပါက ဤစာရွက်စာတမ်း၏ မူပိုင်ခွင့်ကို အနောက်ဩစတြေးလျပြည်နယ်တွင် အပ်နှင်းထားပါသည်။ *မူပိုင်ခွင့် အက်ဥပဒေ 1968* ၏ ပြဋ္ဌာန်းချက်အရ ခွင့်ပြုထားသည့်အတိုင်း ပုဂ္ဂလိကလေ့လာမှု၊ သုတေသန၊ ဝေဖန်ရေး သို့မဟုတ် ပြန်လည်သုံးသပ်ရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် တရားဝင်မျှတသော လုပ်ကိုင်မှုမှအပ မည်သည့်အစိတ်အပိုင်းကိုမဆို မည်သည့်ရည်ရွယ်ချက်အတွက်ဖြစ်စေ အနောက်ဩစတြေးလျပြည်နယ်၏ ရေးသားခွင့်ပြုချက်မရှိဘဲ ပြန်လည်ထုတ်ဝေမှု သို့မဟုတ် ပြန်အသုံးချမှု မလုပ်နိုင်ပါ။

IMM-013356 JAN'23